နွေဦးအသံ
the voice of spring
29.6.2021 · Tuesday · No . 67 · Daily News Pamphlet

## မိုးကုတ်မြို့၌ ဖခင်ကိုမတွေ့သဖြင့် မိခင်နှင့်အတူ(၅)နှစ်ကလေးငယ်ကို စစ်အုပ်စုမှ ဆက်လက်ဖမ်းဆီးထား

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## ဒလန်အသတ်ခံရမှုနှင့်ပတ်သက်ပြီး ရပ်ကွက်နေသူ(၁၆)ဦးကို စစ်အုပ်စုက မတရားသဖြင့်သေဒဏ်ချ

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

## တနိုင်ငံလုံးအနှံ့ တကျော့ပြန် ကူးစက်မှုများပြားလာသော Covid-19 ကပ်ဘေးနှင့် ပတ်သက်၍ ပြည်သူများအတွက် စိတ်ပူပန်လျက်ရှိပြီး မပေါ့ဆဘဲ တပြည်လုံးဂရုစိုက်ကြရန်နှင့် ကိုဗစ်ကာကွယ်ရေးသတ်မှတ်ချက်များကို အသေအချာလိုက်နာကြဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒေါ်အောင်ဆန်းစုကြည်က ရှေ့နေမှတဆင့်မှာကြား

သတင်းတို

ရင်းမြစ် – RFA မှ

## ပြောက်ကျားသပိတ်စစ်ကြောင်းများကို ပိုမိုအားကောင်းစွာ နိုင်ငံအနှံ့ နေ့စဉ်မပြတ် ပြုလုပ်ခဲ့ကြ





ဇွန်လ(၂၈)ရက်၊ ထားဝယ်မြို့သပိတ်စစ်ကြောင်း၊ ရန်ကုန်မြို့နယ်ပေါင်းစုံလူငယ်သပိတ်စစ်ကြောင်း နှင့် ဖားကန့်မြို့သပိတ်စစ်ကြောင်းများကို အသီးသီးတွေ့မြင်ရစဉ် -(ဓါတ်ပုံ - CJ )

## အကြမ်းဖက်စစ်အုပ်စုအလိုကျ ပြည်သူများကို မတရားသဖြင့် စီရင်အမိန့်ချမှတ်နေသော တရားသူကြီးများကို ပြင်းထန်စွာအရေးယူမည်ဟု စစ်ကိုင်း CRPH သတိပေး

သတင်းတို

ရင်းမြစ် – ခေတ်သစ် မှ

## ဇွန်(၂၄)နှင့် (၂၆)ရက်တို့၌ စစ်ကိုင်း၊ ကသာနှင့် ထီးချိုင့်တွင် အကြမ်းဖက်စစ်အုပ်စုတပ်ကို KIA နှင့် PDF တို့က ပူးပေါင်းတိုက်ခိုက်ခဲ့ရာ စစ်အုပ်စုဘက်မှ(၄၄)ဦးသေဆုံးခဲ့

သတင်းတို

ရင်းမြစ် – ခေတ်သစ် မှ

## မင်းကင်းမြို့ဆေးရုံရှိ စစ်အုပ်စုတပ်ဖွဲ့ဝင်(၂)ဦး လက်ထဲမှသေနတ်များကို PDF တပ်ဖွဲ့ဝင်(၂)ဦးက လုယူနိုင်ခဲ့

သတင်းတို

ရင်းမြစ် – ခေတ်သစ် မှ

## ရွှေဘိုမြို့၊ ပြည်တော်သာ(၄)လမ်းထိပ်ရှိ ကြံ့ခိုင်ရေးပါတီရုံးရှေ့တွင် ဗုံးပေါက်ကွဲခဲ့ပြီး တဦးသေဆုံးဟုသိရ

သတင်းတို

ရင်းမြစ် – ခေတ်သစ် မှ

## ညောင်လေးပင်ခရိုင်၊ ဆောထိမြို့နယ်၊ ဘလောခိုကျေးရွာအုပ်စု၊ သက်ခေါထာ ကျေးရွာမှ ရွာသား(၁၃)ဦးကို စစ်အုပ်စုမှ ပေါ်တာဆွဲခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – ခေတ်သစ် မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့်ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံး၀)မရပ်တန့်စေရ။

ဖေဖော်ဝါရီ(၁)ရက်မှ ဇွန်(၂၈)ရက်အထိ

ကျဆုံးသူဦးရေ - ၈၈၃ ဦး
အဖမ်းဆီးခံရသူဦးရေ- ၆၃၉၉ ဦး
ဝရမ်းထုတ်ခံရသူဦးရေ- ၁၉၆၆ ဦး

ရင်းမြစ် – အေအေပီပီမှ

# တော်လှန်စစ်



ကိုယ်ထူကိုယ်ထနဲ့
ဘယ်တော့မှ
လဲမကျစေရဘူး။

အနိုင်မခံစိတ်နဲ့
အသံတိတ် မသွားဘူး
အလံလိပ် မထားဘူး။

ငါတို့လမ်းကို
ငါတို့သာ ဆိုင်သလို
ငါတို့ နန်းကို
ငါတို့သာ ပိုင်တယ်။

ငါတို့အနာဂတ်
ငါတို့သာ ဆုံးဖြတ်မယ်
ငါတို့ကြမ္မာ
ငါတို့ဘာသာ စီရင်မယ်။

ပြည်သူသာ အခရာ
ပြည်သူ့အာဏာကို
မိစ္ဆာတို့ မအုပ်စိုးစေရဘူး။ ။

လက်ရုံးညီ



ဇွန်လ(၂၈)ရက်တွင် ချီတက်ခဲ့ကြသည့် မြိုင်မြို့နယ်၊ ပညာရေးသပိတ်စစ်ကြောင်းကို တွေ့မြင်ရစဉ်(ဓါတ်ပုံ-CJ )



# သတင်းမှတ်စု

ဇွန်လ(၂၉)ရက်၊ ၂၀၂၁



- ကန့်ဘလူမြို့နယ်၊ ရဲဒွေးကျေးရွာ၌ စစ်အုပ်စုက အသက်(၆၀)အရွယ် ဦးသန်းလှိုင်ကို အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်ပြီး ကြံ့ခိုင်ရေးပါတီဝင်(၂၅)ဦးကို တူမီးသေနတ်များ ပေး၍ ကိုင်ခွင့်ပြုခဲ့ရာ အဆိုပါအုပ်စုမှ အကြမ်းဖက်ရမ်းကားမှုများ ပြုလုပ်နေသဖြင့် ဒေသခံများ နေရပ်စွန့်ခွာထွက်ပြေးနေကြရ။
- လှိုင်သာယာမြို့နယ်၊ အနောက်တက္ကသိုလ်လမ်း King Power အိမ်ဆောက်ပစ္စည်းဆိုင်အနီး၌ ဇွန်(၂၇)ရက်၊ ည(၇:၂၀)ခန့်က ဆိုင်ကယ်စီးလာသူ တဦးကို ကင်းပုန်းဝပ်နေသည့် စစ်အုပ်စုတပ်ဖွဲ့က တားဆီးပြီး ဝိုင်းဝန်းပစ်သတ်၍ အလောင်းကိုပါ သိမ်းယူခဲ့။
- ပြည်ကြီးတံခွန်မြို့နယ်၊ (၄) ရပ်ကွက် မန်လွယ်လမ်းနှင့် ရွှေမန်းလမ်းကြား၊ (၄၉) လမ်း၌ နံနက်(၉)နာရီခန့်က စစ်အုပ်စု သတင်းပေးတဦးက မြေကွက်တခုကို အပိုင်စီး၍ အိမ်ဆောက်နေထိုင်သဖြင့် မြေပိုင်ရှင်နှင့် စကားများရာ စစ်အုပ်စုက လာရောက်၍ အင်အားသုံး ပစ်ခတ်မှုများ ပြုလုပ်ခဲ့သဖြင့် ဆိုင်ကယ်စီးနင်းလာသည့် လမ်းသွားလမ်းလာ အမျိုးသမီးတဦး ရင်ဘတ်ကျည်ထိမှန်၍ သေဆုံးခဲ့ပြီး အမျိုးသားတဦးလည်း ဒဏ်ရာရရှိခဲ့ဟုသိရ။
- တန့်ဆည်မြို့နယ်၊ ချောင်းဆုံ(တ)ရွာမှ စစ်အုပ်စုသတင်းပေး ဦးကျော်ဆွေဦးမှာ နံနက်(၉)နာရီခန့်က ၎င်း၏ နေအိမ်ရှေ့တွင် ဆိုင်ကယ်စီးလာသူ လူနှစ်ဦးက သေနတ်နှင့် ပစ်ခတ်ခဲ့သဖြင့် သေဆုံးခဲ့ဟုသိရ။
- ရေစကြိုမြို့နယ်၊ အောင်ပန်းရွာရှိ ပျူစောထီးအဖွဲ့ဝင် ဦးညွန့်တင်မှာ ဇွန်(၂၇)ရက်၊ ည(၈)နာရီခန့်က သေနတ်နှင့်ပစ်ခံရသဖြင့် သေဆုံးခဲ့ဟုသိရ။
- မြင်းခြံမြို့နယ်၊ ကြည်ရွာတွင် နံနက်ပိုင်း၌ စစ်အုပ်စုက အင်အား(၅၀)ခန့်ဖြင့် ရွာသို့ စီးနင်းကာ ဒေသခံ (၂၀)ခန့်ကို ဖမ်းဆီး၍ ရိုက်နက်အကြမ်းဖက်ကာ ပြန်လွှတ်ပေးခဲ့။
- ပဲခူးမြို့နယ်၊ ထုံကြီးကျေးရွာရှိ အထက်

**အရေးတော်ပုံ မုချ အောင်ရမည်**

the voice of spring
29.6.2021 · Tuesday · No . 67 · Daily News Pamphlet

တန်းကျောင်း၌ ကိုဗစ်ရောဂါပိုးရှိနေသည့် Non-CDM ကျောင်းဆရာမနှစ်ဦးမှ တဆင့် ကျောင်းသား (၃၅) ဦး ကူးစက်ခံရ။

- ကလေးမြို့၊ ထောက်ကြန့်ရွာ၊ အမှတ်(၃) ရပ်ကွက်ရှိ ဦးထွန်းဝေကို စစ်အုပ်စုက အင်အား(၄၀)ခန့်ဖြင့် ဝင်ရောက်ဖမ်းဆီးရာ မတွေ့သဖြင့် ဇနီးဖြစ်သူ ဒေါ်အေးအေးမြင့်နှင့် သမီးဖြစ်သူ မနှင်းအိအိစံတို့ကို ဓားစာခံအဖြစ် ဖမ်းဆီးသွားခဲ့ဟုသိရ။
- ကလေးမြို့၊ ဗိုလ်ချုပ်လမ်းပေါ်ရှိ မြန်မာ့ရှေ့ဆောင်ဘဏ်အနောက်ဘက်နှင့် ထွေအုပ်စုပေါင်းရုံးအနီးတို့၌ ပေါက်ကွဲမှု(၂)ကြိမ်ခန့် ဖြစ်ပွားခဲ့ဟုသိရ။
- မုံရွာမြို့နယ် မုံရွာ-အမြင့်လမ်းခွဲ၌ နံနက်(၇)နာရီခွဲခန့်က ပေါက်ကွဲမှုဖြစ်ပွားရာ စစ်အုပ်စုရဲတပ်ဖွဲ့ဝင်တဦး မျက်နှာထိမှန်၍ သေဆုံးခဲ့ဟုသိရ။
- မုံရွာမြို့နယ်၊ မုံရွာ တောင်ဇက်ဆိပ်အနီးရှိ ချင်းတွင်းမြစ်အတွင်း၌ နံနက်(၉)နာရီခွဲခန့်က လက်ပြန်ကြိုးတုပ်ထားသည့် အနေအထားဖြင့် အမျိုးသား ရုပ်အလောင်းတခုကို တွေ့ရှိခဲ့ပြီး ယခုတပတ်အတွင်း မုံရွာမြို့၊ ချင်းတွင်းမြစ်၌ ရုပ်အလောင်း သုံးလောင်းအထိ တွေ့ရှိခဲ့ဟုသိရ။
- ရန်ကုန်၊ မြောက်ဥက္ကလာ၊ မြို့နယ်ပေါင်းစုံလူငယ်သပိတ်စစ်ကြောင်း၊ သာကေတ။ မန္တလေး၊ မန္တလာတက္ကသိုလ် သပိတ်စစ်ကြောင်း၊ မဟာအောင်မြေ၊ မန်းလေးလူငယ်သပိတ်စစ်ကြောင်း၊ အောင်ပင်လယ်၊ သံဃသမဂ္ဂ။ မိုးကုတ်။ ဘုတလင်မြို့။ မုံရွာ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်၊ လက်ပံတောင်း တောင်ကျေးရွာများ။ ကလေးမြို့။ ရေဖြူ၊ ကံပေါက်။ သရက်ချောင်း။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြ၊ တီဇစ်ကျေးရွာများ။ ဖားကန့်မြို့ လုံးခင်းအုပ်စု စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများနှင့် ချီတက်ဆန္ဒဖော် ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ် – မဇ္ဈိမ

